ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း တည်ရှိနေသည့် မြေအမျိုးအစားအလိုက် ဧရိယာစာရင်းများနှင့် ယင်းမြေများအား အသုံးချလျက်ရှိသော အခြေအနေစာရင်းကို ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက ၁၆ လက်မ ႏ ၁ မိုင် စကေး ကွက်စိတ်မြေပုံများ၊ ၆၄ လက်မ ႏ ၁ မိုင် စကေး မြို့ကွက်မြေပုံများ၊ ၁ လက်မ ႏ ၁ မိုင် စကေး စစ်သုံးမြေပုံများ စသည့် မြေပုံများအလိုက် ထုထောင် ပြုစုထားသော ဧရိယာစာရင်းများ၊ မှတ်ပုံစာရင်းများဖြင့် စိစစ်၍ နှစ်စဉ် မှတ်တမ်းတင် ပြုစုထားပါသည်။ မြေအမျိုးအစား ၂၂ မျိုးဟု ခွဲခြား ဖော်ပြပါသည်။

## မာတိကာ


- ❑ ဤစာအုပ်နှင့် ပတ်သက်၍ — က
- ၁။ မြေအမျိုးအစားများအကြောင်း — ၁
- ၂။ မြေယာမှတ်တမ်း ပြုစုရန် ကွင်း/အကွက်ဖွဲ့မြေတိုင်းတာခြင်း — ၁၇
- ၃။ ဦးပိုင်၏အကြောင်း — ၂၈
- ၄။ ၁-က စာရင်း၏ ပိုင်ဆိုင်ခွင့် ပြောင်းလဲမှုများ — ၄၃
- ၅။ လွှဲပြောင်းမှုတိုင်း ၁-က တွင် မှတ်တမ်းတင်နိုင်သလား — ၅၆
- ၆။ မြေပိုင်ဆိုင်မှု ခွဲခြားခြင်း — ၇၃
- ၇။ ၁-က ရှိ အဆင့်ဆင့် ပြောင်းလဲမှုများ၊ မြေပိုင်ဆိုင်ခွင့်များကို စိစစ်ခြင်း — ၈၃
- ၈။ မိတ္တူရေးကူး ရရှိသော မြေပုံ၊ မြေရာဇဝင်များမှ မြေ၏အကြောင်းအရာကို ဆန်းစစ်ကြည့်နိုင်ခြင်း — ၁၀၆
- ၉။ မြေယာမှတ်တမ်းမိတ္တူများ — ၁၃၅
- ၁၀။ ပုံစံ ၁၀၅၊ ပုံစံ ၁၀၆ ရေးကူးခြင်းဆိုင်ရာနှင့် ၁-က စာရင်း ဖြည့်သွင်းခြင်းဆိုင်ရာ ညွှန်ကြားချက်များ — ၁၄၃
- ၁၁။ မြေခွန်တော်နှင့် ပြေစာများ — ၁၆၁
- ၁၂။ မြေခွန်ပြေစာနှင့် မြေပိုင်ဆိုင်မှုကို စိစစ်ခြင်း — ၁၈၄
- ၁၃။ ရွာမြေများ ရောင်းဝယ်မှု — ၂၀၄
- ၁၄။ ဦးပိုင်ရာဇဝင်မှတ်တမ်း (၁-က) တွင် နိုင်ငံခြားသား အမည်ပေါက်တိုင်း ယင်းမြေကို နိုင်ငံခြားသားပိုင်မြေဟု ယူဆနိုင်ပါသလား — ၂၀၉
- ❑ နောက်ဆက်တွဲ (ကောက်နုတ်ချက်) — ၂၅၅


ငွေကြေး အကုန်အကျခံ၍ မိမိ ဝယ်ယူ လက်ရောက်ရယူသည့် မြေအတွက် မိမိ၌ ပိုင်ဆိုင်ခွင့်၊ အမည်ပေါက်ခွင့်၊ သားစဉ်မြေးဆက် အမွေဆက်ခံခွင့်၊ ပြဿနာကင်းကင်းဖြင့် မြေကို လက်ရောက်ရလိုခွင့်ကမူ မြေဝယ်ယူသူတိုင်း၏ဆန္ဒ ဖြစ်ပါမည်။ ထိုသို့သော ပုဂ္ဂိုလ်များအတွက် မိမိရယူမည့် မြေကွက်သည် မည်သည့်မြေ အမျိုးအစားဖြစ်သည်၊ ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့် ခိုင်မာမှု ရှိ မရှိ၊ အာမခံမှု ရှိ မရှိ၊ ရောင်းဝယ် လွှဲပြောင်းနိုင်သောမြေ ဟုတ် မဟုတ်၊ မိမိကို ရောင်းသူဘက်မှ တင်ပြသော မြေနှင့်ဆိုင်ရာ အထောက်အထား၊ စာရွက်စာတမ်း၊ မှတ်တမ်း၊ မြေပုံများသည် ဥပဒေနှင့်အညီ တရားဝင် အထောက်အထားများ ဖြစ် မဖြစ် စသည်တို့အပေါ် မိမိဘာသာ စိစစ်နိုင်ရန် ရှင်းလင်းတင်ပြထားပါသည်။

ဤစာအုပ်တွင်–

- ဦးပိုင်၏အကြောင်း၊
- ၁–က စာရင်း၏ ပိုင်ဆိုင်ခွင့် ပြောင်းလွဲမှုများ၊
- လွှဲပြောင်းမှုတိုင်း ၁–က တွင် မှတ်တမ်းတင်နိုင်လား၊
- မြေပိုင်ဆိုင်မှု ခွဲခြားခြင်း၊
- ၁–က ရှိ အဆင့်ဆင့် ပြောင်းလဲမှုများ၊ မြေပိုင်ဆိုင်ခွင့်များကို စိစစ်ခြင်း၊
- မိတ္တူရေးကူး ရရှိသော မြေပုံ၊ မြေရာဇဝင်များမှ မြေ၏အကြောင်းအရာကို ဆန်းစစ်ကြည့်နိုင်ခြင်း၊
- မြေကို စိစစ်တတ်ပါစေ၊
- ပုံစံ ၁၀၅၊ ပုံစံ ၁၀၆ ရေးကူးခြင်းဆိုင်ရာနှင့် ၁–က စာရင်း ဖြည့်သွင်းခြင်းဆိုင်ရာ ညွှန်ကြားချက်များ၊
- မြေခွန်တော်နှင့် ပြေစာများ၊
- မြေခွန်ပြေစာနှင့် မြေပိုင်ဆိုင်မှုကို စိစစ်ခြင်း၊
- ရွာမြေများ ရောင်းဝယ်မှု၊
- ဦးပိုင်ရာဇဝင်မှတ်တမ်း (၁–က) တွင် နိုင်ငံခြားသား အမည်ပေါက်တိုင်း ယင်းမြေကို နိုင်ငံခြားသားပိုင်မြေဟု ယူဆနိုင်ပါသလား

စသည်ဖြင့် သိမှတ်ဖွယ်ရာများကို ဆန်းစစ်လေ့လာ တင်ပြထားပါသည်။